mgyoe.com

# မင်းသားလေးနှင့်မြွေ

နိုင်ငံတကာပုံပြင်များ

ကျော်မြင့်အေး



mgyoe.com

mgyoe.com



# မင်းသားလေးနှင့်မြွေ

နိုင်ငံတကာပုံပြင်များ

ကျော်မြင့်အေး

ISBN 9789997115874
LLTB5
9 789997 115874
1,700.00KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ -ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
၆၇၊၁၆၄လမ်း၊တာမွေ။
ပုံနှိပ်သူ -ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ မိုးကောင်း၊ ရန်ကင်း။

[illegible]

မင်းသားလေးနှင့်မြွေနိုင်ငံတကာပုံပြင်များ/– ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
စာမျက်နှာ ၁၁၈ မျက်နှာ၊
၁၃.၅ စင်တီ× ၂၃ စင်တီ

mgyoe.com

mgyoe.com

# မာတိကာ


၁။ သစ်ခုတ်သမားဗီဆုနှင့် ဘုန်းတော်ကြီး ၁
၂။ မက်ဆုယာမရဲ့ကြေးမုံပြင် ၆
၃။ ပြီးပြည့်စုံတဲ့ နန်းတော် ၁၀
၄။ မင်းသားလေးနဲ့ မြွေ ၁၃
၅။ သူခိုးဆရာကြီးနှင့် သူခိုးလေး ၁၆
၆။ ဘုရင့်နန်းတော်နှင့် တဲအိမ်ငယ် ၂၀
၇။ ပြောစကားနားမထောင်တဲ့ ဆိတ်ငယ်လေး ၂၃
၈။ ဉာဏ်ရည်ပြိုင်ပွဲ ၂၇
၉။ ပိုင်ရှင်အမှန် ၃၁
၁၀။ မျှတတဲ့ဝေစု ၃၄
၁၁။ အပေါင်းအသင်းကောင်းနဲ့ အပေါင်းအသင်းဆိုး ၃၈
၁၂။ ကပ်စေးနှဲတဲ့သူတောင်းစား ၄၂
၁၃။ ဘဲငန်းတွေဟာ ဘာ့ကြောင့်
ခြေထောက်တစ်ဖက်တည်းနဲ့ရပ် ၄၅
၁၄။ အူကြောင်ကြောင်လင်မယားနှစ်ယောက်ရဲ့ဘဝ ၅၀
၁၅။ ကမ္ဘာလောကကြီးကို ဖန်ဆင်းခြင်း ၅၄


mgyoe.com

mgyoe.com


၁၆။ အလန်နှင့် မုဆိုးများ ၅၇

၁၇။ ခွေးတွေက ဘာကြောင့်
သူတို့အမြီးကို လှုပ်ယမ်းကြရတာလဲ ၆၀

၁၈။ ကမ္ဘာမြေအစ ရေလွှမ်းမိုးမှုပုံပြင် ၆၃

၁၉။ မျောက်နှင့်လိပ် ၆၆

၂၀။ လိပ်နှင့် ဖွတ် ၇၀

၂၁။ ပန်းအိုးအလွတ် ၇၃

၂၂။ ကျားတွေ အရေပြားအစင်းကျား ဘယ်လိုရ ၇၈

၂၃။ လနတ်သမီး ၈၃

၂၄။ နေမင်းကျွန်း ၈၇

၂၅။ ယုန်တွေမှာ ဘာကြောင့် အမြီးမရှိကြတော့တာလဲ ၉၂

၂၆။ လင်းနို့တွေ ဘာကြောင့် ညရောက်မှ
အပြင်ထွက် ပျံသန်းကြရတာလဲ ၉၇

၂၇။ နန်းစဉ်ရတနာသေတ္တာအလုံး လေးဆယ် ၁၀၀

၂၈။ ငါသိတာက သိတာပဲပေါ့ ၁၁၀

၂၉။ ပင့်ကူနှင့် သူ့မိတ်ဆွေနှစ်ယောက် ၁၁၆


□

mgyoe.com

mgyoe.com

# သစ်ခုတ်သမားဗိဆုနှင့် ဘုန်းတော်ကြီး

ဂျပန်ပုံပြင်

ဟိုးရှေးရှေးတုန်းက ဆုဂုဂလွင်ပြင်ဒေသမှာ ဗိဆုလိုခေါ်တဲ့ သစ်ခုတ်သမားတစ်ယောက် နေထိုင်သတဲ့။ သူဟာ လူကောင်ထွားထွား ဂျပန်လူမျိုးတစ်ယောက်ဖြစ်ပြီး ဇနီး၊ သားမယားတွေနဲ့အတူ တဲတစ်လုံးမှာ နေထိုင်ပါတယ်။


တစ်နေ့တော့ ဗိဆုထံကို ဘုန်းတော်ကြီးအိုတစ်ပါးကြွလာပြီး ထိုဘုန်းတော်ကြီးက သူ့ကို "သစ်ခုတ်သမား ဒကာကြီးက ဝတ်ပြုဆုတောင်းတာတွေကို ဘယ်တုန်းကမှ မလုပ်ဘူး မဟုတ်လား" လို့ မေးပါတယ်။

ဗိဆုက "အရှင်ဘုရားမှာ ကျွေးရမယ့် ဇနီးနဲ့သားသမီးတွေရှိတယ်ဆိုရင် ဝတ်ပြုဆုတောင်းနေဖို့အချိန် ဘယ်တော့မှရမှာမဟုတ်ပါဘူး" လို့ ပြန်လည်လျှောက်တင်လိုက်တယ်။

ဒီစကားကြောင့် ဘုန်းတော်ကြီးက ဒေါသထွက်လာပြီး သစ်ခုတ်သမားသေရင် ဖားတစ်ကောင်၊ ကြွက်တစ်ကောင် ဒါမှမဟုတ် အင်းဆက်ပိုးမွှားတစ်ကောင်အဖြစ်ပြန်ပြီး မွေးဖွားလာမယ့်အကြောင်း ကြောက်ရွံ့ထိတ်လန့်စရာ အကြောင်းပြချက်တွေနဲ့ သစ်ခုတ်သမားကို တရားဟောပါ

mgyoe.com

mgyoe.com

တော့တယ်။ အဲဒီလိုပဟာပြောမှုကို မနှစ်သက်တာကြောင့် ဗီဆုဟာ နောက်ကို ဝတ်ပြုဆုတောင်းပါ့မယ်လို့ ဘုန်းတောကြီးကို ကတိပေးလိုက်ပါတယ်။

"အလုပ်လုပ်လိုက်၊ ဝတ်ပြုဆုတောင်းလိုက်ပေါ့" လို့ ဘုန်းတော်ကြီးက မိန့်ကြားပြီး သူကျောင်းကို ပြန်ကြွသွားပါတော့တယ်။

ကံဆိုးတာက ဘုန်းတော်ကြီးပြန်ကြွသွားပြီး နောက်ပိုင်းမှာ ဗီဆုဟာ တစ်နေကုန် ဝတ်ပြုဆုတောင်းနေတာကလွဲလို့ ဘာအလုပ်မှ မလုပ်တော့ပါဘူး။ ဒါကြောင့်လည်း သူစိုက်ပျိုးထားတဲ့ စပါးသီးနှံပင်တွေဟာ ညှိုးနွမ်းလာ

mgyoe.com

သလို သူ့ရဲ့ဇနီးသားသမီးတွေဟာလည်း ငေါ်မွတ်လာခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူကို ဘယ်တုန်းကမှ စကားကြမ်းကြမ်းမပြောတတ်တဲ့ ဗီဆုရဲ့ဇနီးဟာ အခုအချိန်မှာ လွန်စွာဒေါသထွက်လာပြီး ကလေးတွေရဲ့ ပိန်လှီခြောက်ကပ်နေတဲ့ ကိုယ်ခန္ဓာကိုယ်ကိုပြကာ ဗီဆုကို အော်ဟစ်ပြောဆိုပါတော့တယ်။

"ထစမ်း ဗီဆု ပါးစပ်က ပွစိပွစိနဲ့ ဆုတောင်းနေမယ့်အစား ပုဆိန်ကိုယူပြီး ကျွန်မတို့အားလုံးအတွက် အကျိုးရှိမယ့်အရာတစ်ခုခုကို လုပ်စမ်းပါရှင့်"

ဗီဆုဟာ ဇနီးဖြစ်သူရဲ့ စကားကိုကြားတော့ လုံးဝအံ့အားသင့်သွားတာကြောင့် အချိန်အတန်ကြာတဲ့အထိ ဘယ်လိုပြန်ပြောရမယ်ဆိုတာ စဉ်းစားလို့မရနိုင်ခဲ့ဘူး။ သူပြန်ပြောလိုက်တဲ့အချိန်မှာ သူ့ရဲ့စကားက သနားစရာကောင်းတဲ့ဇနီးရဲ့ နားထဲမှာ ပူလောင်ပြင်းထန်နေပါတယ်။

"မိန်းမရယ် ဘုရားတွေကို ဦးစားပေးရမယ်။ မင်းငါ့ကို ဒီလိုမျိုးပြောတာ အလွန်ရိုင်းပျတာပဲ။ မင်းနဲ့ငါ ဘာမှမဆိုင်တော့ဘူးကွ" လို့ ဗီဆုက ပြောပြီး ပုဆိန်ကို ဆတ်ခနဲဆွဲယူကာ ဇနီးဖြစ်သူကို နှုတ်ဆက်ခြင်း မပြုတော့ဘဲ ဖူဂျီယာမ တောင်ပေါ်ကို တက်သွားပါတော့တယ်။ မကြာခင်မှာပဲ သူဟာ နှင်းမြူတွေကြားထဲ ပျောက်ကွယ်သွားပါတော့တယ်။

ဗီဆုဟာ တောင်ပေါ်မှာထိုင်ရင်း တရှဲရှဲနဲ့လေတိုးသံကို ကြားနေရပါတယ်။ အဲဒီနောက်ရုတ်တရက် သစ်တောထဲကို ပြေးဝင်သွားတဲ့ မြေခွေးတစ်ကောင်ကို မြင်လိုက်ရတယ်။ အခုအချိန်မှာ သူဟာ မြေခွေးကို မြင်တွေ့လိုက်ရတာ အလွန်ကံကောင်းတယ်လို့ဆိုပြီး ဆုတောင်းနေတာကို မေ့သွားပါတယ်။ သူဟာ ရုတ်တရက်ထခုန်ပြီး ဒီလိုနှုတ်သီးချွန်ချွန်နဲ့ သတ္တဝါကောင်ကို နောက်တစ်ကြိမ်များ မြင်တွေ့ရဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှေ့ကို ပြေးသွားလိုက်၊ နောက်ကိုပြေးသွားလိုက်လုပ်နေပါတော့တယ်။

သူဟာ တောထဲကနေရာ တစ်နေရာကိုရောက်လာပြီး မြေခွေးနောက်လျှောက်လိုက်နေတာကို ရပ်ပစ်တော့မလိုလုပ်တဲ့အချိန်မှာ စမ်းချောင်းလေးတစ်ခုဘေးမှာ ထိုင်နေတဲ့အမျိုးသမီးငယ်နှစ်ယောက်ကို မြင်တွေ့သွားပါတယ်။ သစ်ခုတ်သမားဟာ အလွန်ပဲ စိတ်ဝင်စားသွားတာကြောင့် သူဟာ ဘာမှမလုပ်တော့ဘဲ သူတို့ကို ထိုင်ပြီး ကြည့်နေပါတော့တယ်။ တောထဲက ကျေးငှက်သာရကာတို့ရဲ့ အော်မြည်သံ၊ စီးဆင်းနေတဲ့စမ်းချောင်းကလေး

mgyoe.com

mgyoe.com


ရဲ့ ရေသံတွေကလွဲလို့ အရာအားလုံး တိတ်ဆိတ်နေပါတယ်။ မိန်းမပျိုလေးတွေဟာ ဇီဆုကို လုံးဝသတိမထားမိကြပါဘူး။ အကြောင်းကကော့ သူတို့ဟာ ဘယ်တော့မှမပြီးဆုံးနိုင်တဲ့ ထူးဆန်းတဲ့ကစားနည်းကို ကစားရင်း အဲဒီကစားနည်းမှာ လုံးဝနစ်မြောနေတာကြောင့်ပါပဲ။ ဇီဆုဟာ အဲဒီလှပတဲ့ အမျိုးသမီးနှစ်ယောက်အပေါ်မှာ သူ့မျက်လုံးတွေကို မခွာနိုင်ခဲ့ပါဘူး။ မိန်းမပျိုလေးတွေရဲ့ ရှည်လျားနက်မှောင်တဲ့ဆံပင်တွေ၊ ပိုးထည်အင်္ကျီဝတ်ထားတဲ့ သူတို့ရဲ့လှပတဲ့အသွင်မူရာတွေကို စိုက်ကြည့်နေမိခဲ့ပါတယ်။

အဲဒီနေရာမှာ ထိုင်ကြည့်နေတာ နှစ်ပေါင်းသုံးရာတောင်ကြာသွားခဲ့ပေမဲ့ သူကတော့ နွေရာသီနေ့လယ်ခင်းတစ်ခုသာ ကြာတယ်လို့ ထင်ခဲ့ပါတယ်။ အဲဒီနောက် အမျိုးသမီးငယ်တစ်ယောက်ကစားနေရင်း အမှားလုပ်မိတဲ့အချိန်မှာ သူက "ချစ်စရာ မိန်းကလေးရေ မင်းတော့ ရှုံးတော့မယ်" လို့ စိတ်လှုပ်ရှားစွာ အော်ဟစ်ပြောဆိုလိုက်ပါတယ်။ ချက်ချင်းဆိုသလို မိန်းမပျိုလေးနှစ်ယောက်ဟာ မြေခွေးအသွင်ပြောင်းပြီး ထွက်ပြေးသွားပါတော့တယ်။

ဇီဆုဟာ သူတို့နောက်ကို လိုက်ဖို့ကြိုးစားချိန်မှာ သူ့ရဲ့ခြေလက်တွေဟာ အလွန်ပဲထုံကျင်လာသလို သူ့ရဲ့ဆံပင်က အလွန်ရှည်လျားနေပြီး သူ့ရဲ့မုတ်ဆိတ်မွေးတွေက မြေကြီးအထိတောင် ကျနေတာကို တွေ့ရလို့ အလွန်ထိတ်လန့်သွားပါတယ်။ ဒါ့အပြင် သူ့လက်ထဲက ပုဆိန်ရဲ့အရိုးဟာ ဆွေးရိနေပြီး သစ်စသစ်မှုန်အဖြစ် ပြောင်းလဲသွားပါတယ်။

ဇီဆုဟာ အင်မတန်ခက်ခဲပင်ပန်းစွာနဲ့ မတ်တတ်ရပ်လို့ သူ့အိမ်ရှိရာဆီကို ဖြည်းဖြည်းချင်းလျှောက်လာပါတော့တယ်။ သူ့အိမ်ဆီသို့ ရောက်လာကဲ့အချိန်မှာ ဘာကိုမှ မတွေ့တော့ပါဘူး။ အဲဒီအချိန်မှာ အဘွားအိုတစ်ယောက်ကို တွေ့ပြီးသူက "ဒီက အစ်မကြီးခင်ဗျာ... ကျွန်တော့်ရဲ့ အိမ်လေးပျောက်သွားလို့ အံ့ဩမိပါတယ်။ ကျွန်တော် ဒီနေ့မွန်းလွဲချိန်ကမှ ထွက်သွားပြီး ညနေပြန်ရောက်လာတော့ ကျွန်တော်ရဲ့အိမ်မရှိတော့ပါဘူး" လို့ ပြောပြလိုက်တယ်။

ထိုအဘွားအိုက သူပြောတာကို ယုံကြည်တာကြောင့် သူ့ရဲ့နာမည်ကို မေးမြန်းလိုက်ပါတယ်။ သူက သူ့ရဲ့နာမည်ကို ပြောပြလိုက်တော့ အဘွားအိုဟာ အလွန်ပဲ အံ့ဩသွားပြီး "ဘယ်လို... ရှင်တကယ်ပဲ ရှူးနေပြီကိုး။ ဇီဆုဆို

mgyoe.com

mgyoe.com


တဲ့လူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာကတည်းကလူပဲ။ သူက တစ်နေ့တော့ ဒီကနေထွက်သွားပြီး ဘယ်တော့မှ ပြန်မလာတော့ဘူး" လို့ပြောလိုက်ပါတယ်။

"နှစ်ပေါင်း သုံးရာ ဟုတ်လား။ မဖြစ်နိုင်တာဗျာ။ ဒါနဲ့ ကျွန်တော်ရဲ့ ဇနီးနဲ့ကလေးတွေရော" လို့ ဗီဆုက မေးလိုက်တယ်။

"သူတို့ကို ဒီမှာမြှုပ်နှံလိုက်ပါတယ်"လို့ အဘွားအိုက ပြန်ဖြေပါတယ်။

"ရှင်ပြောတာမှန်တယ်ဆိုရင်တော့ ရှင့်ရဲ့မြေးမြစ်တွေရှိဦးမှာပါပဲ။ ရှင်က ဇနီးနဲ့သားသမီးတွေကို လျစ်လျူရှုထားလို့ ဘုရားတွေက အပြစ်ပေးတဲ့ အနေနဲ့ စိတ်ဆင်းရဲစရာကောင်းတဲ့ဘဝကို ရှည်အောင်လုပ်ပေးတာ ဖြစ်ရလိမ့်မယ်"

ဗီဆုရဲ့ပါးရေတွန့်နေတဲ့ မျက်နှာပြင်ပေါ်မျက်ရည်တွေဟာ စီးကျပါတယ်။ ဗီဆုဟာ တုန်ရီနေတဲ့အသံနဲ့ "ငါဟာ တန်ဖိုးရှိတဲ့အချိန်တွေကို ဆုံးရှုံးခဲ့တယ်။ ငါချစ်မြတ်နိုးရတဲ့သူတွေ ငတ်မွတ်ပြီး ငါ့ရဲ့အကူအညီလိုအပ်နေချိန်မှာ ငါက ဝတ်ပြုဆုတောင်းနေမိတယ်။ အဘွားအိုခင်ဗျား ကျွန်တော် ပြောတာကို မှတ်ထားလိုက်ပါ။ ဝတ်ပြုဆုတောင်းတာလည်း လုပ်၊ အလုပ်လည်း လုပ်ပါ" လို့ ပြောဆိုလိုက်ပါတယ်။

ဗီဆုဟာ ထူးဆန်းတဲ့ စွန့်စားမှုကနေ ပြန်လာပြီးတဲ့နောက် သူ ဘယ်လောက်ကြာကြာ အသက်ရှင်နေထိုင်သွားခဲ့တယ်ဆိုတာကိုတော့ ကျွန်ုပ်တို့မသိခဲ့ရပါဘူး။ ဒါပေမဲ့ သူရဲ့အဖြူရောင်ဝိညာဉ်ကတော့ လရောင်ရွှန်းလက်တောက်ပနေချိန်မှာ ဖူဂျီယာမတောင်ကို ခြောက်လှန့်နေတုန်းပဲလို့ ပြောစမှတ်ပြုခဲ့ကြပါတယ်။

Visu the woodsman and the old priest,
Source : Folktales from Japan

❐

mgyoe.com

mgyoe.com

# မက်ဆုယာမရဲ့ကြေးမုံပြင်

ဂျပန်ပုံပြင်

ဟိုးရှေးရှေးတုန်းက ဂျပန်နိုင်ငံရဲ့ ဝေးလံခေါင်ဖျားအရပ်ဒေသတစ်ခုမှာ လင်မယားနှစ်ယောက် နေထိုင်ကြပြီး သူတို့မှာ ချစ်စရာသမီးလေးတစ်ယောက်ရှိပါတယ်။ သမီးလေးဟာ မိဘတွေရဲ့ အသည်းစွဲအချစ်တော်လေးပေါ့။ တစ်ခါတော့ လင်ယောကျ်ားဖြစ်သူဟာ အလုပ်ကိစ္စတစ်ခုနဲ့ ဝေးလံလှတဲ့ ကျိုတိုမြို့ကို သွားခဲ့ပါတယ်။ သူခရီးမထွက်ခင်မှာ သူ့ရဲ့သမီးလေးကို အိမ်မှာ ကောင်းကောင်းနေပြီး အမေ့အတွက် တာဝန်ကျေတဲ့ သမီးဖြစ်ခဲ့ရင် အလွန်တန်ဖိုးရှိတဲ့လက်ဆောင်တစ်ခု ဝယ်လာပေးမယ်လို့ ပြောသွားခဲ့ပါတယ်။ အဲ့ဒီနောက် ထိုလူဟာ အိမ်ကနေထွက်သွားတာကို မိခင်နဲ့ သမီးဖြစ်သူတို့က ကြည့်ရင်း ကျန်ရစ်ခဲ့ကြပါတယ်။

ရက်အနည်းငယ်ကြာပြီးလို့ ထိုလူအိမ်ကိုပြန်ရောက်လာတဲ့အခါ သူ့ရဲ့ သမီးနဲ့ ဇနီးတို့က အပြေးကလေး ထွက်ကြိုကြပြီး ဆောင်းလာတဲ့ ဦးထုပ်ကို ချွတ်ပေး၊ ဖိနပ်ကိုလည်း ချွတ်ပေးနဲ့ ထိုလူကိုအမောပြေစေခဲ့ပါတယ်။ သူက ဖျာတစ်ချပ်ပေါ်မှာ ထိုင်လိုက်ပြီး ယူဆောင်လာတဲ့ ဝါးခြင်းတောင်းတစ်လုံးကို ဖွင့်လိုက်ပါတယ်။ သမီးငယ်လေးကတော့ စိတ်အားထက်သန်စွာ ကြည့်ရှုနေရင်းပေါ့။ သူက ခြင်းထဲကနေ အံ့ဩစရာကောင်းတဲ့ အရုပ်ကလေးတစ်ရုပ်

mgyoe.com

mgyoe.com




နဲ့ ယွန်းထည်ဘူးလေးတစ်ဘူးကို ထုတ်လိုက်ပြီး သမီးရဲ့လက်ထဲကို ထည့်လိုက်ပါတယ်။ တစ်ခါထပ်ပြီးတော့ သူ့ရဲ့ခြင်းတောင်းထဲကို လက်နှိုက်လိုက်ပြီး သတ္တုမှန်လေးတစ်ချပ်ကို ထုတ်ကာ ဇနီးဖြစ်သူကို လက်ဆောင်ပေးလိုက်ပါတယ်။ မှန်ရဲ့မျက်နှာပြင်က တောက်ပနေပြီး နောက်ကျောဘက်မှာတော့ ထင်းရှူးပင်ပုံနဲ့ ငှက်ကျားပုံတွေကို ရေးခြယ်ထားတာကို တွေ့ရပါတယ်။

ထိုလူရဲ့ဇနီးဟာ ကြေးမုံပြင်တစ်ချပ်ကို ယခင်က မြင်တွေ့ဖူးခြင်း မရှိပါဘူး။ သူမက မှန်ကိုကြည့်လိုက်တဲ့အခါ အခြား အမျိုးသမီးတစ်ယောက်က သူမကိုကြည့်နေတယ်လို့ ထင်ပြီး အံ့သြသွားပါတယ်။ သူမရဲ့ခင်ပွန်းက မှန်ရဲ့ လျှို့ဝှက်ချက်ကိုရှင်းပြပြီး သေသေချာချာ ဂရုတစိုက်သိမ်းဆည်းထားဖို့ တောင်းဆိုလိုက်ပါတယ်။

mgyoe.com

mgyoe.com


ဒီလိုပျော်စရာကောင်းတဲ့ အိမ်ပြန်လာခြင်းနဲ့ လက်ဆောင်တွေကို ပေးပြီးလို့ မကြာခင်မှာပဲ ထိုလူရဲ့ဇနီးဟာ အလွန်နာမကျန်းဖြစ်လာပါတယ်။ သူမက သေလုဆဲဆဲအချိန်မှာ သမီးငယ်လေးကို ခေါ်ပြီး "သမီးလေးရေ။ အမေမရှိတော့ရင် မင်းရဲ့အဖေကို အစစအရာရာ စောင့်ရှောက်လိုက်ပါ။ အမေက သမီးကို ထားသွားတဲ့အချိန်မှာ သမီးက အမေ့ကို သတိရနေမှာပါ။ ဒီမှန်ကို ယူထားလိုက်။ သမီးအထီးကျန်တယ်လို့ ခံစားရတဲ့အခါ ဒီမှန်ကို ကြည့်လိုက်ရင် အမေ့ကို အမြဲတမ်း မြင်တွေ့နေရပါလိမ့်မယ်" လို့ မှာသွားပြီး တဲ့နောက်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ထိုလူဟာ သူ့ရဲ့ဇနီး ကွယ်လွန်သွားပြီးတဲ့နောက် သိပ်မကြာခင်မှာပဲ နောက်ထပ်အိမ်ထောင်ပြုခဲ့ပါတယ်။ ဒုတိယဇနီးဟာ သူမရဲ့လင်ပါ သမီး အပေါ် လုံးဝကြင်နာမှု မရှိခဲ့ပါဘူး။ မိခင်ရဲ့စကားကိုမှတ်သားထားခဲ့တဲ့ သမီးလေးကတော့ အခန်းထောင့်မှာနေပြီး မှန်ကိုသာ ကြည့်နေတော့တာပါပဲ။ သူမဟာ မိခင်ရဲ့မျက်နှာကို မှန်ထဲမှာမြင်ရတဲ့အခါ သေခါနီးဆဲဆဲမှာ မြင် လိုက်ရတဲ့နာကျင်မှုကို ခံစားနေရတဲ့မျက်နှာမဟုတ်ဘဲ ငယ်ရွယ်နုပျိုပြီး လှပ တဲ့ မျက်နှာဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

တစ်နေ့တော့ မိထွေးဖြစ်သူဟာ ကလေးမလေးက သူ မမြင်အောင် အခန်းထောင့်တစ်နေရာမှာ တစ်စုံတစ်ခုကိုကွယ်ပြီး ကြည့်ရင်း ပါးစပ်ကလည်း တိုးတိုး၊ တိုးတိုးနဲ့ပြောနေတာကို အမှတ်မထင်မြင်လိုက်ရပါတယ်။ ကလေးမ လေးအပေါ် နှစ်မြို့ခြင်းမရှိတဲ့ မိထွေးလုပ်သူဟာ ကလေးမလေးကလည်း သူမအပေါ် မနှစ်မြို့ဘူးလို့ ယုံကြည်ထားလို့ သူမအပေါ်မကောင်း ကြံစည်တဲ့ အနေနဲ့ အောက်လမ်းနည်းကို သုံးနေတယ်လို့ ယူဆသွားခဲ့ပါတယ်။ ကလေးမ လေးက သူ့ရဲ့ကိုယ်ပွားအရုပ်တစ်ရုပ်ကို ဖန်တီးပြီး အောက်လမ်းနည်းကို သုံးကာ ပင်အပ်နဲ့ ထိုးနေတယ်လို့ ထင်သွားတာပေါ့။ မကောင်းတဲ့အမြင်တွေ မြင်နေတဲ့ မိထွေးလုပ်သူဟာ သူမရဲ့ယောကျ်ားဆီသွားပြီး သူ့ရဲ့ကောက်ကျစ် ယုတ်မာတဲ့သမီးဟာ စုန်းအတတ်နဲ့ သူမကို မသေသေအောင် သတ်နေတယ် လို့ ပြောပြခဲ့ပါတယ်။ ထိုလူဟာ စိတ်ဆိုးမာန်ဆိုးနဲ့ သမီးရဲ့အခန်းထဲကို ဝင်လာပြီး သမီးဖြစ်သူရဲ့လက်ကို ဆွဲလိုက်တဲ့အခါ ရုတ်တရက် သမီးရဲ့အင်္ကျီ လက်အိုးထဲကနေ မှန်တစ်ချပ် ထွက်ကျလာခဲ့ပါတယ်။ ထိုလူဟာ ဇနီးဖြစ်သူ

mgyoe.com

mgyoe.com


ကပြောထားလို့ ထိုမှန်နဲ့ပတ်သက်ပြီး မကောင်းမြင်နေတာကြောင့် သူက သမီးကို အမျိုးမျိုးပြောဆိုစွပ်စွဲတော့တာပေါ့။ သမီးဖြစ်သူဟာ ဖခင်ထံက မထင်မှတ်တဲ့ ပြောဆိုစွပ်စွဲမှုကို ကြားရတဲ့အခါ စိတ်မကောင်းဖြစ်သွားပြီး ဖခင်ဖြစ်သူကိုလည်း ရှင်းပြဖို့ ကြိုးစားခဲ့ပါတယ်။ သမီးက သူမဟာ ဖခင်ကို အရမ်းချစ်တာကြောင့် ဖခင်ရဲ့ဇနီးဖြစ်သူကို ဘယ်လိုမှ မကောင်းကြံစည်ဖို့ ဆိုတာ မဖြစ်နိုင်ကြောင်း၊ သတ်ဖြတ်ဖို့လည်း ကြိုးစားတာမရှိကြောင်း ပြောပြပါတယ်။

"ဒါဆို ဒီမှန်ကို ဘာဖြစ်လို့ နင့်ရဲ့အင်္ကျီလက်အိုးထဲ ထည့်ထားရတာလဲ"လို့ ဖခင်က ဒေါသတကြီး မေးလိုက်တယ်။

"ဒီမှန်က အဖေက အမေ့ကို ပေးခဲ့တာလေ။ ပြီးတော့ အမေသေခါနီး ဆဲဆဲမှာ သမီးကို ပေးခဲ့တာ။ သမီး ဒီမှန်ကို ကြည့်လိုက်တိုင်း မှန်ရဲ့ တောက်ပတဲ့မျက်နှာပြင်မှာ သမီးရဲ့ချစ်လှစွာသောအမေရဲ့ငယ်ရွယ်နုပျိုပြီးလှပတဲ့ မျက်နှာကို မြင်ရပါတယ်။ တစ်ခုခုကြောင့် သမီးရဲ့နှလုံးသားက နာလာတဲ့ အခါ သမီးက ဒီမှန်ကိုထုတ်ပြီး ကြည့်လိုက်ရင် အမေရဲ့မျက်နှာကို မြင်လိုက်ရတယ်။ ကြင်နာပြီး ငြိမ်းချမ်းမှုတွေကို သယ်ဆောင်လာတဲ့အမေ့ရဲ့ မျက်နှာလေ။ ကြမ်းတမ်းတဲ့စကားလုံးတွေ၊ မလိုတမာအကြည့်တွေကို သည်းခံနိုင်စေတဲ့မျက်နှာပေါ့။ မှန်ကိုထုတ်ကြည့်တိုင်း သမီးရဲ့နာကျင်မှုတွေဟာ လုံးဝ ပျောက်ကွယ်သွားပါတယ်" လို့ သမီးက ရှင်းပြလိုက်တယ်။ ထိုမှန်ရဲ့ အကြောင်းကို သိထားတဲ့ ဖခင်ဖြစ်သူဟာ စိတ်မကောင်းဖြစ်သွားပြီး သမီး အပေါ် မတော်မတရားပြောဆိုတာတွေအတွက် နောင်တရသွားခဲ့ပါတယ်။ ထို့အပြင် မိထွေးဖြစ်သူကလည်း ရိုးသားဖြူစင်ပြီး မိဘအပေါ်သိတတ်တဲ့ သမီးကို နားလည်သွားကာ ရှက်ရွံ့စိတ်ဖြစ်ပြီး ခွင့်လွှတ်ပေးဖို့ တောင်းဆို လိုက်ပါတယ်။ အဲ့ဒီလိုနဲ့ သူတို့မိသားစုဘဝလေး ထိုအချိန်ကစပြီး ဘယ်လို ပြဿနာမှမဖြစ်တော့ဘဲ ငြိမ်းငြိမ်းချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွား ခဲ့ကြပါတော့တယ်။

The Mirror of Matsuyama
Source: From Japan Folktales

❐

mgyoe.com

mgyoe.com

# ပြီးပြည့်စုံတဲ့ နန်းတော်

အိန္ဒိယပုံပြင်

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တိုင်းပြည်တစ်ပြည်မှာ ဘုရင်တစ်ပါးရှိသတဲ့။ သူဟာ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်ကို အမြဲတစေ စောင့်ရှောက်ဖြည့်တင်းပေးခဲ့တာကြောင့် ပြည်သူတွေက သူ့ကို ချစ်ခင်ကြပါတယ်။ လကုန်ခါနီးတိုင်းမှာ နေပြည်တော်မှာရှိတဲ့ မှူးမတ်မျိုးနွယ်တချို့ကို ဖိတ်ကြားပြီး သူလုပ်တဲ့အလုပ်တွေကို ဝေဖန်စိစစ်ပြီး အကြံဉာဏ်ပေးဖို့ ခိုင်းပါတယ်။ ဘုရင်ကြီးဟာ အဆောက်အအုံများစွာ ဆောက်လုပ်ခဲ့တယ်။ နှစ်စဉ်နှစ်တိုင်း သူဟာ သူ့ရဲနန်းတော်ကို ပြန်လည်တည်ဆောက်တာကြောင့် ယခင်ကထက် ပိုပိုပြီး ဘုရင်ကြီးဟာ ပီတိတွေဖြစ်နေပါတော့တယ်။ တစ်နေ့တော့ ဘုရင်ကြီးက တွေးတယ် "ဒီနှစ်တော့ ပြီးပြည့်စုံတဲ့နန်းတော်ကို တည်ဆောက်မယ်။ လုံးဝသက်သောင့်သက်သာရှိရှိ ဇိမ်ကျကျနန်းတော်ကြီးတစ်ခုပေါ့။ ငါ့ရဲ့ နေပြည်တော်မှာရှိတဲ့လူတွေတင်မက အနီးအနားတိုင်းပြည်တွေက ချီးကျူးကြမယ့် နန်းတော်ကြီးဖြစ်ရမယ်"

နောက်တစ်နေ့ရောက်တဲ့အခါ ဘုရင်ကြီးဟာ ပြီးပြည့်စုံတဲ့နန်းတော်ကြီးကို တည်ဆောက်ဖို့အတွက် ပြည့်စုံတဲ့ ဒီဇိုင်းတစ်ခုကို ရေးဆွဲပါတော့တယ်။ ဒီဇိုင်းရေးဆွဲမှု အပြီးသတ်သွားတဲ့အခါ ဘုရင်ကြီးက ၎င်းကို ဆောက်

mgyoe.com

mgyee.com




လုပ်ရေးသမားတွေနဲ့ ပန်းရန်ဆရာတွေကို ပေးလိုက်ပါတယ်။ တစ်လခန့် အချိန်အတွင်းမှာပဲ ဘုရင်ကြီးရဲ့ အိပ်မက်ဖြစ်တဲ့ ပြီးပြည့်စုံတဲ့ နန်းတော်ကြီး က ရုပ်လုံးပေါ်လာပါတော့တယ်။ ဘုရင်ကြီးဟာ သူ့ရဲ့တိုင်းပြည်ထဲမှာ နေထိုင်တဲ့ မှူးမတ်ဗိုလ်ပါတွေသာမက အိမ်နီးချင်းနိုင်ငံတွေက ဘုရင်မှူးမတ် တွေကိုပါ ဖိတ်ကြားပြီး သူ့ရဲ့နန်းတော်နဲ့ပတ်သက်ပြီး ထင်မြင်ချက်တောင်းခံ ပါတော့တယ်။ "မယုံနိုင်စရာပဲဟေ့" "တကယ့်ကို ပြီးပြည့်စုံတဲ့ နန်းတော်ကြီး ပဲဟ" မှူးမတ်ဗိုလ်ပါတွေက တစ်ညီတစ်ညွတ်တည်း ချီးကျူးကြပါတယ်။ ဒါပေမဲ့ သူတော်စင်ကြီးတစ်ပါးကတော့ ထောင့်တစ်နေရာမှာ တိတ်ဆိတ် ငြိမ်သက်နေလို့ပေါ့။

လူတိုင်းက သူ့ရဲ့နန်းတော်ကြီးကို ဝိုင်းဝန်းချီးကျူးနေကြစဉ်မှာ သူတော်စင်ကြီးက ဘာကြောင့်ငြိမ်သက်နေသလဲဆိုတာကိုကြည့်ပြီး အံ့သြ ကာ သိချင်စိတ်ဖြစ်လာခဲ့ပါတယ်။ ဘုရင်ကြီးက သူတော်စင်ကြီးထံသို့ လျှောက်လာပြီး "ကျေးဇူးပြုပြီးတော့ သူတော်စင်ကြီးရယ် ဘာဖြစ်လို့ တိတ်ဆိတ်နေရတာလဲ ပြောပြစမ်းပါ။ ကျွန်တော်ရဲ့နန်းတော်ကြီး မပြည့်စုံ လို့လား" လို့ မေးလိုက်ပါတယ်။

သူတော်စင်ကြီးက အေးဆေးတည်ငြိမ်စွာနဲ့ ပြန်ဖြေပါတယ်။ "အရှင်

mgyee.com

mgyoe.com


မင်းကြီးရယ်၊ အရှင်မင်းကြီးရဲ့နန်းတော်က ခိုင်ခံ့ပြီး ထာဝရတည်တံ့နေမှာပါ။ နန်းတော်ကြီးက လှပါတယ်။ ဒါပေမဲ့ မပြည့်စုံပါဘူး။ ဘာကြောင့်လဲဆိုတော့ နန်းတော်ကြီးထဲမှာ နေထိုင်တဲ့လူတွေဟာ သေမျိုးချည်းပါပဲ။ သူတို့ကတော့ ထာဝရရှိနေကြမှာ မဟုတ်ပါဘူး။ အရှင်မင်းကြီးရဲ့နန်းတော်က ထာဝရရှိနေပေမဲ့ နန်းတော်ထဲမှာနေတဲ့လူတွေကတော့ ထာဝရှိနေမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်မျိုး တိတ်ဆိတ်နေရခြင်း ဖြစ်ပါတယ်။ လူဆိုတာ လက်ဗလာနဲ့ မွေးဖွားလာပြီး လက်ဗလာနဲ့ပဲ သေသွားခဲ့ကြရတာပါ"

ဘုရင်ကြီးဟာ သူတော်စင်ကြီးရဲ့ ပညာရှိစကားအတွက် ကျေးဇူးတင်ကြောင်းပြောဆိုပြီးနောက်မှာ ပြီးပြည့်စုံတယ်ဆိုတဲ့ နန်းတော်ကြီးကို နောက်တစ်ကြိမ်ပြန်တည်ဆောက်ဖို့ မကြိုးစားတော့ပါဘူးကွယ်။

The Perfect Palace
Source : Indian Folktales

❐

mgyoe.com

mgyoe.com

# မင်းသားလေးနဲ့ မြွေ

အိန္ဒိယပုံပြင်

တစ်ခါတုန်းက ဗီဂျေဂါဆိုတဲ့ တိုင်းပြည်တစ်ပြည်မှာ ဉာဏ်ပညာရှိပြီး ကြင်နာတတ်တဲ့ ဘုရင်တစ်ပါး စိုးစံခဲ့ပါတယ်။ ပြည်သူတွေဟာ အမြဲတမ်း ပျော်ရွှင်နေကြတယ်။ ဒါပေမဲ့ ဘုရင်ကတော့ စိတ်ပျက်ဝမ်းနည်းပြီး စိုးရိမ်ပူပန်နေပါတယ်။ အကြောင်းကတော့ မကောင်းဆိုးဝါးမြွေတစ်ကောင်ဟာ သူ့သားတော်ရဲ့ ကိုယ်ခန္ဓာထဲကို ဝင်ရောက်နေတာကြောင့်ပါပဲ။ ဘယ်လိုဆေးဝါး၊ ဘယ်လိုမှော်အတတ်ပညာကမှ သူ့သားကိုယ်ထဲကို ဝင်ရောက်နေတဲ့မြွေကို ထုတ်မပစ်နိုင်ခဲ့ပါဘူး။ မင်းသားလေးအရွယ်ရောက်လာတဲ့အခါ သူက တွေးမိတယ်။ "ငါ့ကြောင့် ငါ့အဖေက ပူပင်သောကရောက်နေတာပဲ"

တစ်နေ့တော့ မင်းသားလေးဟာ နန်းတော်ထဲက ထွက်ခွာသွားခဲ့ပါတယ်။ သူဟာ ဟိုဟိုသည်သည် လှည့်လည်သွားလာရင်း တိုင်းပြည်တစ်ပြည်ကို ရောက်သွားပါတယ်။ အဲ့ဒီတိုင်းပြည်မှာ လူမနေတဲ့ ဘုရားကျောင်းကြီးတစ်ကျောင်းကို တွေ့ပြီး တောင်းစားတဲ့အလုပ်ကို လုပ်ကာ အသက်ရှင် ရပ်တည်ပါတော့တယ်။

အဲ့ဒီတိုင်းပြည်က ဘုရင်ဟာ ရက်စက်ကြမ်းကြုတ်တယ်။ ဒါပေမဲ့ သူ့မှာ ကြင်နာတတ်ပြီး လှပတဲ့ သမီးတော်တစ်ပါး ရှိတယ်။ ဘုရင်ကြီးဟာ

mgyoe.com

mgyoe.com



သူ့ရဲ့သမီးတော်ကြောင့် မပျော်မရွှင်ဖြစ်နေပါတယ်။ ထိုသမီးတော်က ဖခမည်းတော်ရဲ့ ခက်ခဲတဲ့အလုပ်ကို အမြဲတမ်းလှောင်ပြောင် သရော်နေတတ်တယ်။ ဘုရင်ကြီးက တွေးတယ်။ "သမီးတော်က ငါ့ရဲ့အလုပ်ကို အထင်သေးပြီး ငါ့ကို အမြဲတမ်း လှောင်ပြောင်ပြောဆိုနေတယ်။ ငါ သူ့ကို သူတောင်းစား တစ်ယောက်နဲ့ လက်ထပ်ပေးရမယ်။ ဒါမှ ဘဝဟာ ဘယ်လောက်ခက်ခဲပင်ပန်းတယ်ဆိုတာကို သူသိသွားလိမ့်မယ်"

ဒီလိုနဲ့ သူတောင်းစားယောင်ဆောင်ထားတဲ့ မင်းသားလေးဟာ နန်းတော်ထဲကိုရောက်လာပြီး တောင်းစားပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်ဟာ သူ့ကို သူ့သမီးတော်နဲ့ အတင်းအကျပ်လက်ထပ်စေပါတယ်။ သူတောင်းစားနဲ့ သူ့ရဲ့သတို့သမီးအသစ်တို့ဟာ လူသူမနေတဲ့ ဘုရားကျောင်းကို သွားကြပါတယ်။ လမ်းမှာ သူတို့ဟာ ခေတ္တနားကြပါတယ်။ သူမရဲ့ ခင်ပွန်းအိပ်ပျော်နေတဲ့အချိန်မှာ မင်းသမီးလေးဟာ အစားအသောက် ထွက်ရှာပါတယ်။

မင်းသမီးလေးပြန်လာတော့ သူမယောက်ျားရဲ့ ပါးစပ်ပေါ်မှာထိုင်နေတဲ့ မြွေတစ်ကောင်ကိုတွေ့သွားလို့ အလွန်တုန်လှုပ်သွားပါတယ်။ အနီးအနားမှာရှိတဲ့ တောင်ပို့တစ်ခုမှာ နောက်ထပ်မြွေတစ်ကောင်လည်း ရှိပါ

mgyoe.com

mgyoe.com


တယ်။ သူတို့တစ်တွေဟာ တစ်ကောင်နဲ့တစ်ကောင် စကားပြောဆိုနေကြပါတယ်။ "မင်းက ဘာဖြစ်လို့ မင်းသားရဲ့ကိုယ်ကနေခွာသွားရမှာလဲ။ သူက အလွန်ကြင်နာပြီး သိမ်မွေ့တယ်လေ" လို့ တောင်ပို့ပေါ်မှာ ထိုင်နေတဲ့မြွေက ပြောလိုက်ပါတယ်။

"မင်းလည်းပဲ မကောင်းဆိုးဝါးပဲ။ မင်းက လမ်းသွားလမ်းလာတွေကို တိုက်ခိုက်တယ်။ ငါ့ကို ဘာလုပ်ပါ ဘာကိုင်ပါ ဆိုပြီး မပြောသင့်ဘူးကွာ" လို့ မင်းသားလေးရဲ့ ပါးစပ်ပေါ်မှာ ထိုင်နေတဲ့မြွေက ပြန်ပြောလိုက်တယ်။

မင်းသမီးလေးဟာ သတ္တိရှိရှိနဲ့ မြွေနှစ်ကောင်စလုံးကို သတ်ဖြတ်ပစ်လိုက်တယ်။ သူမရဲ့ခင်ပွန်းအိပ်ရာက နိုးလာတဲ့အခါ သူမက မြွေနှစ်ကောင်အကြောင်းကို သူ့ကို ပြောပြလိုက်တယ်။ မင်းသားလေးဟာ ပျော်ရွှင်သွားတယ်။ အဲ့ဒီနောက်တော့ သူက သူဘယ်သူဆိုတာကို မင်းသမီးလေးကို ပြောပြလိုက်ပါတယ်။ သူတို့ဟာ မင်းသားလေးရဲ့နန်းတော်ကို ထွက်ခွာသွားကြတယ်။ ဘုရင်ကြီးဟာ သူ့သားတော်ကိုမြင်တော့ ပျော်ရွှင်သွားတယ်။ မကောင်းဆိုးဝါးမြွေ သေသွားပြီလို့ ဘုရင်ကြီးကြားတဲ့အခါ အတိုင်းမသိ ပျော်ရွှင်သွားပါတယ်။ မင်းသားလေးနဲ့ မင်းသမီးလေးတို့ဟာ နှစ်ကာလကြာရှည်စွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားခဲ့ကြတယ်။ နှစ်အနည်းငယ်ကြာပြီးတဲ့နောက် သူတို့ဇနီးမောင်နှံတို့က ယောကျာ်းလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် အမြွှာပူးလေးမွေးတဲ့နေ့မှာပဲ အထိမ်းအမှတ်ပွဲကြီးတစ်ပွဲကို တစ်တိုင်းပြည်လုံး ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြပါတော့တယ်။

The Prince and the Snake
Source : Folktales from India

❐

mgyoe.com

mgyoe.com

# သူခိုးဆရာကြီးနှင့် သူခိုးလေး

အိန္ဒိယပုံပြင်

တစ်ခါက မြို့တစ်မြို့မှာ သူခိုးနှစ်ယောက်ရှိပါတယ်။ သူခိုးတစ်ယောက်ကို သူခိုးဆရာကြီးလို့ ခေါ်ပါတယ်။ သူက ပိန်ပိန်ပါးပါးနဲ့ တိုက်ခိုက်သတ်ပုတ်ရာမှာလည်း ကျွမ်းကျင်မှု မရှိပါဘူး။ နောက်သူခိုးကတော့ ခွန်အားကောင်းတယ်။ တိုက်ခိုက်သတ်ပုတ်ရာမှာ ကျွမ်းကျင်တယ်။ ဒါပေမဲ့ သူ့ကို သာမန်သူခိုးလေးတစ်ယောက်လို့သာ သိကြပါတယ်။ သူက သူခိုးဆရာကြီးကို မနာလိုဖြစ်နေတယ်။ ပြီးတော့ သူခိုးဆရာဆိုတဲ့ဘွဲ့ကိုလည်း လိုချင်နေသေးတယ်။

ညတစ်ညမှာ သူတို့နှစ်ယောက်စလုံးဟာ အနီးအနားကမြို့တစ်မြို့ကို သွားပြီး အိမ်တွေကို ဖောက်ထွင်းခိုးကြတယ်။ သူခိုးဆရာကြီးက လူချမ်းသာတစ်ယောက်ရဲ့ အိမ်ကိုဖောက်ထွင်းပြီး ရှူပီးငွေတစ်သောင်းခိုးခဲ့တယ်။ သူခိုးလေးဟာ သူခိုးဆရာကြီး အင်္ကျီအိတ်ဖောင်းဖောင်းနဲ့ လမ်းအတိုင်း လျှောက်လာတာမြင်တော့ "အဲဒီနေရာမှာ ငါ သူ့ထက်သာကြောင်း သက်သေပြလို့ရတော့မယ်" လို့တွေးလိုက်တယ်။ "သူခိုးဆရာကြီးထံက ပိုက်ဆံတွေ ခိုးပြမယ်"

mgyoe.com

mgyoe.com


"ညဘက်လုပ်ရတဲ့အလုပ်က ခက်ခက်ခဲခဲပဲ" လို့ သူက သူခိုးဆရာကြီးကို ပြောလိုက်တယ်။ "ဒီညအဆောင်မှာ တစ်ခန်းထဲ အတူအိပ်ကြမလား။ အိမ်ကိုပြန်ဖို့ သိပ်နောက်ကျနေပြီ"

သူခိုးဆရာကြီးက သဘောတူလိုက်တယ်။ သူခိုးဆရာကြီး အိပ်ပျော်သွားတာနဲ့ ချက်ချင်းပဲ သူခိုးလေးဟာ အိပ်ရာက တိတ်တဆိတ်ထလာပြီး သူခိုးဆရာကြီးရဲ့အင်္ကျီတွေအနှံ့ရှာဖွေပြန်ပါတယ်။ အင်္ကျီအိတ်တွေထဲမှာ ဘာမှမရှိတာကိုဘဲ တွေ့လိုက်ရတယ်။ သူဟာ သတိကြီးစွာထားပြီး သူခိုးဆရာကြီးရဲ့စောင်တွေ အောက်ကိုလည်း ရှာဖွေပြန်ပါတယ်။ ဒါပေမဲ့ ပိုက်ဆံတစ်ပြားမှ မတွေ့ရပါဘူး။

နောက်ဆုံးတော့ သူခိုးလေးဟာ မပျော်မရွှင်နဲ့ပဲ အိပ်ရာဝင်လိုက်ပါတယ်။ သူခိုးဆရာကြီးဟာ ရူပီးငွေတွေကို ဘယ်နေရာမှာများဝှက်ထားသလဲပေါ့။

နောက်တစ်နေ့မနက်ရောက်တဲ့အခါ သူခိုးနှစ်ယောက်ဟာ ဒီမြို့မှာ နောက်ထပ်တစ်ရက်နေဖို့ သဘောတူလိုက်ကြပါတယ်။ သူတို့ဟာ ကိုယ်သွားချင်တဲ့နေရာကိုသွားပြီး ညနေဘက်ရောက်ရင် ပြန်ဆုံကြ၊ နောက်တစ်ကြိမ်အခန်းထဲမှာအတူ အိပ်ကြမယ်ပေါ့။

ဒီတစ်ခေါက်မှာလည်း သူခိုးဆရာကြီးဟာ ငွေအပြည့်ထည့်ထားတဲ့အိတ်ဖောင်းဖောင်းနဲ့ပြန်လာပါတယ်။ သူခိုးလေးဟာ သူခိုးဆရာပိုက်ဆံဆိုလို့ တစ်ပြားတစ်ချပ်မှတောင် မတွေ့ရပါဘူး။

သူဟာ အခန်းနံရံရဲ့ အက်ကွဲကြောင်းတွေထဲကိုလည်း ရှာဖွေပြန်ပါတယ်။ ပြီးတော့ အပြင်ဘက်ထွက်ပြီး အိမ်ခေါင်မိုး ဒိုင်းတန်းတစ်ဝိုက်ကို တုတ်နဲ့ထိုးဆွပြီး ရှာဖွေပြန်ပါတယ်။ ပြီးတော့ အဆောင်ရဲ့အနီးက ချုံပုတ်အောက်တွေမှာလည်း ရှာကြည့်ပါတယ်။ ဒါပေမဲ့ ပိုက်ဆံနဲ့တူတာတောင် မတွေ့ခဲ့ပါဘူး။

မနက်မိုးလင်းတဲ့အခါ သူခိုးလေးဟာ အလွန်ပဲ စိတ်ပျက်လက်ပျက်ဖြစ်နေပါပြီ။ အဲ့ဒီကျမှ သူဟာ သူခိုးဆရာကြီးကို မေးလိုက်ပါတယ်။ "သူခိုးဆရာကြီးခင်ဗျား။ ညကဆရာကြီးရဲ့ပိုက်ဆံတွေကို ဘယ်နေရာမှာ ဝှက်ထားပါသလဲခင်ဗျား"

mgyoe.com

mgyoe.com



“အဲ့ဒါသူခိုးအတတ်ပညာတစ်ခုပေါ့” လို့ သူခိုးဆရာကြီးက ပြောလိုက်တယ်။ “မင်း ငါ့ဆီက ခိုးဖို့ကြိုးစားလိမ့်မယ်ဆိုတာ ငါသိပါတယ်။ ဒါကြောင့် မင်းဘယ်တော့မှ ရှာဖွေကြည့်ဖို့ မစဉ်းစားတဲ့နေရာမှာ ငါ့ပိုက်ဆံတွေကို ဝှက်ထားလိုက်တာပေါ့ကွာ”

“ဘယ်နေရာမှာများ ဝှက်ထားပါသလဲခင်ဗျား” သူခိုးဆရာကြီးက ပြုံးလိုက်တယ်။

“မင်းရဲ့အိပ်ရာအောက်မှာပေါ့ကွာ” အဲဒီအခါ သူခိုးလေးဟာ သူခိုးဆရာကြီးကို အထင်ကြီးလေးစားသွားပြီး ပြုံးပြလိုက်ပါတယ်။ “သူခိုး

mgyoe.com

mgyoe.com


ဆရာကြီးဆိုတဲ့ဘွဲ့နဲ့ ထိုက်တန်ပါတယ်ခင်ဗျာ" လို့ပြောပြီး သူခိုးဆရာကြီးကို ဦးညွှတ်အရိုအသေ ပြုလိုက်ပါတော့တယ်။

Thief and Master-Thief
Source : A Folktales from India

❒

mgyoe.com

mgyoe.com

# ဘုရင့်နန်းတော်နှင့် တဲအိမ်ငယ်

အိန္ဒိယပုံပြင်

ဘုရင်ဗိကရာမဒစ်ရာဟာ တရားမျှတမှုရှိတယ်၊ ကြင်နာတတ်တယ်ဆိုပြီး နာမည်ကျော်ကြားပါတယ်။ ဆုံးဖြတ်ချက် ကြီးကြီးမားမားချရတဲ့ အရေးကိစ္စတွေမှာဆိုရင် နတ်ဘုရားတွေတောင် သူ့ထံကနေ အကူအညီတောင်းရပါတယ်။ သူရဲ့နေပြည်တော်မှာ မပျော်မရွှင်ဖြစ်နေတဲ့သူဆိုတာ လုံးဝမရှိပါဘူး။

တစ်ခါတော့ ဘုရင်ကြီးဟာ မြစ်ကမ်းပါးပေါ်မှာ နန်းတော်တစ်ခု တည်ဆောက်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သူက တည်ဆောက်ဖို့ နေရာရှာပြီး အလုပ်ကိုစတင်လုပ်ဖို့အတွက် သူ့ရဲ့မှူးမတ်တွေကို အမိန့်ထုတ်လိုက်ပါတယ်။ အလုပ်သမားတွေဟာ အလုပ်စတင်လုပ်ကိုင်ခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာ နန်းတော်ကြီးဟာ အဆင်သင့်ဖြစ်လာပါတယ်။ ဘုရင်ကြီးကို ခေါ်ပြီး နန်းတော်ကို မပြခင်မှာ မှူးမတ်တွေဟာ နောက်ဆုံးတစ်ကြိမ် ကြည့်ရှုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"ကြီးကျယ်ခမ်းနားလိုက်တာ" လို့ မှူးမတ်ကြီးက နန်းတော်ကြီးကို ကြည့်ပြီး ရေရွတ်ပြောဆိုပါတယ်။ ထို့နောက် ရုတ်တရက် သူ့ရဲ့မျက်လုံးက

mgyoe.com

mgyoe.com


တစ်စုံတစ်ခုပေါ်ရောက်သွားပြီး သူက အော်ဟစ်ပြောဆိုလိုက်ပါတယ်။ "ဒါက ဘာလဲဟ။ အရင်က မမြင်ခဲ့ပါဘူး" အလုပ်သမားတွေနဲ့ စစ်သည်တော်တွေအားလုံးက လှည့်ပတ်ကြည့်ရှုကြပါတယ်။ နန်းတော်ရဲ့ ဂိတ်တံခါးဝနဲ့ ခြေလှမ်းအနည်းအငယ်အကွာမှာ တဲအိမ်တစ်လုံး ရှိပါတယ်။ "ဒီတဲက ဒီနေရာမှာ ဘာဖြစ်လို့ရှိနေရတာလဲ" လို့ မှူးမတ်ကြီးက အော်ဟစ်ပြောဆိုလိုက်ပြီး "တဲကို ဘယ်သူပိုင်တာလဲ" လို့ ထပ်ပြီး ပြောလိုက်ပါတယ်။

"မှူးမတ်ကြီးခင်ဗျား တဲကို အဘွားအိုကြီးတစ်ယောက် ပိုင်ဆိုင်ပါတယ်"

"ကျုပ် ခင်ဗျားရဲ့တဲအိမ်ကို ဝယ်ချင်တယ်။ ကြိုက်သလောက် တောင်းပါ"

"ဝမ်းနည်းပါတယ် မှူးမတ်ကြီးရှင့်။ ရှင့်ရဲ့ကမ်းလှမ်းမှုကို လက်မခံနိုင်ပါဘူး။ **ကျွန်မရဲ့တဲက ကျွန်မဘဝထက်တောင်ပိုပြီး ရင်းနှီးနေပါသေးတယ်။**



mgyoe.com

mgyoe.com


ကွယ်လွန်သွားတဲ့ ကျွန်မရဲ့ ခင်ပွန်းနဲ့အတူ ဒီမှာနေခဲ့တာမို့ ကျွန်မ ဒီမှာပဲ သေချင်ပါတယ်" အဘွားအိုက ပြောပါတယ်။

သူမရဲ့တဲအိမ်က အသစ်ဆောက်ထားတဲ့ နန်းတော်ရဲ့အလှအပကို ဖျက်ဆီးနေတာဖြစ်ကြောင်း မှူးမတ်ကြီးက သူမကို ပြောပြဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အဘွားအိုဟာ အလွန်ပဲခေါင်းမာနေပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်မှန်သမျှ၊ အပြစ်ပေးမှု မှန်သမျှကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေခဲ့ပါတယ်။ သူမဟာ ဘုရင်ကြီးကို တဲအိမ်ကို ရောင်းပစ်ဖို့ ငြင်းပါတယ်။ အဲ့ဒီနောက် ဒီပြဿနာဟာ ဘုရင်ကြီးဆီ ရောက်လာခဲ့ပါတယ်။

ဉာဏ်ပညာရှိပြီး သဘောထားကြီးမားတဲ့ ဘုရင်ကြီးဟာ ခေတ္တခဏ စဉ်းစားပြီးနောက် "အဘွားအိုရဲ့တဲအိမ်ကို သူ့နေရာအတိုင်း ရှိနေပါစေ။ အဲ့ဒါက နန်းတော်ကြီးရဲ့အလှကို ဖြည့်စွက်လှပစေပါလိမ့်မယ်" လို့ မိန့်ကြားလိုက်ပါတယ်။ အဲ့ဒီနောက် ဘုရင်ကြီးက မှူးမတ်ကြီးဘက်ကိုလှည့်ပြီး "ငါတို့အနေနဲ့ အရုပ်ဆိုးတယ်လို့ ထင်ရတဲ့အရာဟာ အခြားသူတစ်ယောက်အတွက်တော့ တန်ဖိုးရှိတယ်ဆိုတာကို မမေ့ပါနဲ့" လို့ မိန့်ကြားလိုက်ပါတယ်။

ပြည်သူတွေအားလုံးနဲ့ အိမ်နီးချင်းတိုင်းနိုင်ငံများရှိ ပြည်သူတွေအားလုံးက ဘုရင်ကြီးကို ဘာကြောင့် အလွန်အမင်း လေးစားကြတယ်ဆိုတာကို ဒီအဖြစ်အပျက်က ပြသနေပါတယ်။

The Palace and The Hut
Source : Indian Tales

❒

mgyoe.com

mgyoe.com

# ပြောစကားနားမထောင်တဲ့ ဆိတ်ငယ်လေး

အိန္ဒိယပုံပြင်

တစ်ခါတုန်းက သစ်ပင်မျိုးစုံပေါက်ရောက်နေတဲ့ ကြီးမားတဲ့သစ်တောကြီးတစ်ခုရှိသတဲ့။ အဲ့ဒီသစ်တောကြီးထဲမှာ ဆိတ်သား အမိနှစ်ကောင်နေထိုင်ပါတယ်။ သူတို့က တောထဲမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတာပေါ့။ ဆိတ်ငယ်လေးဟာ အလွန်ပဲ မိဘပြောစကားကို နားမထောင်တတ်ဘူးတဲ့။ မိခင်ဖြစ်တဲ့ဆိတ်မကြီးက သားကို ဆိုဆုံးမဖို့ အလွန်ပဲ ခက်ခဲနေပါတယ်။

ဆိတ်ငယ်လေးရဲ့ဆိုးသွမ်းမှုက အတားအဆီးမရှိခဲ့ပါဘူး။ ဒီတော့ မိခင်ဆိတ်မကြီးအတွက် ပြဿနာဖြစ်နေတော့တာပေါ့။ မိခင်ကြီးဟာ သားအတွက် အမြဲတမ်းပူပင်သောကရောက်နေခဲ့ပါတယ်။ သူတို့ရဲ့အိမ်ဟာ တောအုပ်ရဲ့ အစပ်နဲ့နီးပါတယ်။ အဲ့ဒီတောကြီးထဲမှာတော့ ဝံပုလွေတွေ အများကြီးရှိပါတယ်။ တစ်နေ့တော့ ပြောမရတဲ့ဆိတ်ငယ်လေးဟာ တောထဲဝင်ပြီး လျှောက်သွားနေပါတယ်။ သူက သစ်ပင်အမြင့်ကြီးတွေနဲ့ လှပပြီး ချစ်စရာကောင်းတဲ့ ပန်းပွင့်လေးတွေကို ကြည့်ပြီး သဘောကျနေပါတယ်။ တောထဲမှာ အချိန်အတန်ကြာလျှောက်သွားနေတုန်း ရုတ်တရက် သူလမ်းပျောက်နေတာကို သိလိုက်ရပါတယ်။ "အိုး ဘုရားရေ… ငါ့အိမ်နဲ့ အဝေးကြီး

mgyoe.com

mgyoe.com


ကို ရောက်နေပါလား။ အမေတော့ ငါ့ကို ဆူတော့မှာပဲ” လို့ သူက တွေးမိလိုက်ပါတယ်။

ဆိတ်ငယ်လေး မမြင်တွေ့ရတဲ့နေရာ သစ်ပင်တစ်ပင်ရဲ့နောက်မှာ ဝံပုလွေတစ်ကောင်က သူ့ကို ကြည့်နေပါတယ်။ “ပွတာပဲ။ ဒီဆိတ်ငယ်လေးက ဒီနေ့ငါစားချင်တဲ့ နေ့လယ်စာနဲ့တော့ အံကိုက်ပဲဟ” လို့ ဝံပုလွေက စဉ်းစားရင်း မျှော်လင့်တကြီးနဲ့ ပါးစပ်ကသွားရည်တွေကျနေပါတော့တယ်။


အဲ့ဒီနောက် ဝံပုလွေဟာ ဆိတ်ငယ်လေးရဲ့ရှေ့ကို ရုတ်တရက်ခုန်ချလာတယ်။ ပြီးတော့ သူ့ရဲ့အစွယ်ချွန်ချွန်တွေရှိတဲ့ ပါးစပ်ကို ဖြဲပြလိုက်ပြီး “မင်းလို အကောင်ငယ်လေးတွေဟာ ဒီလိုအန္တရာယ်များတဲ့ တောကြီးထဲကို ဝင်မလာသင့်ဘူးကွ။ ငါက ဒီမှာရှိနေလို့ ဒီနေ့တော့ ငါရဲ့နေလယ်စာအတွက် မင်းကိုစားရတော့မှာပဲ” လို့ ပြောပြလိုက်ပါတယ်။

နုနယ်တဲ့ ဆိတ်ငယ်လေးဟာ ကြောက်ရွံ့တုန်လှုပ်သွားပါတယ်။ သူဟာ ထိုနေရာမှာပဲ အချိန်အတန်ကြာ ကြက်သေသေပြီး ရပ်နေမိတယ်။ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။ အဲ့ဒီနောက်မှာ သူဟာ သတ္တိမွေးလိုက်ပြီး နောက်ပြန်လှည့်ကာ တတ်နိုင်သမျှ အမြန်ဆုံး ပြေးသွားပါတော့တယ်။ ဝံပုလွေကတော့ သူ့နောက်ကနေ ထပ်ကြပ်မကွာလိုက်နေပါတော့တယ်။ ဆိတ်ငယ်လေးဟာ အချိန်ကြာကြာအရှိန်နှုန်းအမြန်ဆုံး ပြေးလွှားနေသလို ဝံပုလွေကလည်း သူ့နောက်ကနေ ထပ်ကြပ်မကွာလိုက်နေပါတော့တယ်။ အဲ့ဒီအချိန်မှာ သားဖြစ်သူ ဆိတ်ငယ်လေးကို အိမ်မှာ မမြင်မတွေ့ရလို့ မိခင်ဆိတ်မကြီးဟာ စိုးရိမ်ပူပန်နေပါတယ်။ “ဒီကောင် တောထဲကို သွားတာဖြစ်ရမယ်။ ငါ အဲ့ဒီကိုသွားပြီး ရှာမှဖြစ်တော့မယ်” လို့ ဆိတ်မကြီးက တွေးမိလိုက်တယ်။

ဆိတ်မကြီးဟာ တောအုပ်ထူထူကြီးထဲကို ဝင်တော့မလို့လုပ်တုန်း အန္တရာယ်များလှတဲ့ တောကြီးထဲကနေ သူ့ရဲ့သားငယ်လေး ပြေးထွက်လာတာကို မြင်လိုက်ရပါတယ်။ ဆိတ်ငယ်လေးဟာ အလွန်မောဟိုက်နေပြီး သူ့ရဲ့နောက်မှာလည်း ဝံပုလွေတစ်ကောင်ကပြေးလိုက်လျက် ရှိပါတယ်။ မိခင်ဆိတ်မကြီးဟာ သူမရဲ့ရှည်လျားချွန်ထက်တဲ့ဦးချိုကို အသုံးချပြီး ကောက်ကျစ်စဉ်းလဲတဲ့ဝံပုလွေကို တောထဲကို မောင်းထုတ်လိုက်ပါတယ်။

mgyoe.com

mgyoe.com

ဆိတ်မကြီးဟာ တောတွင်းထဲ အတော်လေးဝေးတဲ့နေရာအထိ ဝံပုလွေနောက်ကို ပြေးလိုက်ရင်း သူတို့အိမ်နဲ့ အနီးအနားအထိ ဝံပုလွေပြန်မလာနိုင်တဲ့နေရာရောက်သွားတာ သေချာတော့မှ သူမဟာ အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်ကို ပြန်ရောက်တော့ ဆိတ်ငယ်လေးဟာ ကြောက်ရွံ့တုန်လှုပ်နေပါတယ်။ မိခင်ဆိတ်မကြီးဟာ သူ့ကို အိမ်ထဲကို ခေါ်သွားပါတယ်။ ဆိတ်ငယ်လေး အနည်းငယ်စိတ်ပြေသွားတော့မှ မိခင်ဆိတ်မကြီးက "ဒီတောကြီးဟာ ငါတို့လို ဆိတ်တွေအတွက် နေစရာနေရာတစ်ခုမဟုတ်ဘူး

mgyoe.com

mgyoe.com


ဆိုတာကို မင်း သင်ခန်းစာကောင်းကောင်းရသွားပြီလို့ ငါမျှော်လင့်ပါတယ်" လို့ ဆုံးမလိုက်ပါတယ်။ ဆိတ်ငယ်လေးဟာ ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ဘယ်တော့မှ တောထဲကို မသွားတော့ပါဘူးလို့ မိခင်ဆိတ်မကြီးကို ကတိပေးလိုက်ပါတယ်။ အဲ့ဒီအဖြစ်အပျက် ဖြစ်ခဲ့ပြီးတဲ့နောက်မှာ ဆိတ်ငယ်လေးဟာ တောထဲကို ဘယ်တော့မှ မသွားတော့ပါဘူး။ ပြီးတော့ ဆိတ်သားအမိဟာ အချိန်အကြာကြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားခဲ့ကြပါတော့တယ်။

The Naughty Lamb
Source : Indian Folktales

❒

mgyoe.com

mgyoe.com

# ဉာဏ်ရည်ပြိုင်ပွဲ

အိန္ဒိယပုံပြင်

တစ်ခါက ဆူဘူဒီနဲ့ ကူဘူဒီလို့ခေါ်တဲ့ သူငယ်ချင်းနှစ်ယောက်ဟာ အိမ်နီးချင်းတွေဖြစ်ကြတယ်။ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အပြိုင် အဆိုင် လုပ်ရတာကို သဘောကျကြတယ်။ တစ်ယောက်အပေါ်တစ်ယောက် သူ့ထက်သာအောင်လို့လည်း အမြဲတမ်း ကြိုးစားနေကြပါတယ်။

အောက်တိုဘာလနေ့တစ်နေ့မှာ ကူဘူဒီဟာ သူ့ရဲ့သရက်ပင်ပေါ်မှာ သရက်သီးတစ်လုံးသီးနေတာကို မြင်လိုက်ရတယ်။ သူက အဲ့ဒီသရက်သီး ကိုခူးပြီး အဝက်စတစ်စနဲ့ထုပ်ကာ သူငယ်ချင်းဆူဘူခြံရှေ့က ဖြတ်အသွားကို စောင့်ကြည့်နေလိုက်ပါတယ်။

ဆူဘူ ခြံရှေ့ကဖြတ်သွားတာကို မြင်လိုက်ရတဲ့အခါ သူက "ဆူဘူ ရေ... ငါမင်းနဲ့ စကားထာဖွက်ချင်လို့ကွ။ ဒီအဝတ်စထဲမှာ ထုပ်ထားတဲ့ အသီးက ဘာအသီးလဲကွ။ ငါ့ကို ပြောပြစမ်းပါဦး။ မင်းမှန်းတာမှန်ရင် မင်းလက်နှစ်ဖက်နဲ့ သယ်နိုင်သလောက် ငါ့အိမ်မှာရှိတဲ့တစ်ခုခုကို သယ်သွား ကွာ။ မင်းရှုံးရင်တော့ မင်းအိမ်ကိုလာပြီး ပစ္စည်းတစ်ခုခုကို သယ်သွားမယ် ဘယ်လိုလဲ"

mgyoe.com

mgyoe.com




"ကောင်းပြီ" လို့ ပြောပြီး ဆူဘူက ကူဘူရဲ့စကားထာကိုဖြေဆိုဖို့ အသင့်အနေထားပြင်လိုက်တယ်။ "ဒါ မာလကာ သီးဖြစ်မယ်ကွာ"

"မဟုတ်ဘူး" လို့ ကူဘူက ဖြေလိုက်တယ်။

"ငါမင်းကို အခွင့်အရေးနှစ်ခုပေးမယ်"

"ဩဇာသီးတွေပေါတဲ့အချိန်မှာ သီးတဲ့အသီးဆိုတော့" လို့ ဆူဘူက ပြောတယ်။

"ဩဇာသီးကွာ"

"နောက်ဆုံးအခွင့်အရေး"

mgyoe.com

mgyoe.com


"သလဲသီးကွာ"

"မဟုတ်ဘူး။ မင်းရှုံးသွားပြီ" လို့ ကူဘူက ပြောပြီး အဝတ်ထုပ်ထဲမှာ ထုပ်ထားတဲ့ သရက်သီးကို ထုတ်ပြလိုက်ပါတယ်။

"ငါအိမ်ပြန်ပြီး မင်းလာဖို့အတွက် ပြင်ဆင်လိုက်ဦးမယ်။ နာရီဝက်ကြာရင်လာခဲ့ပါ" လို့ ဆူဘူက ပြောလိုက်ပါတယ်။

နာရီဝက်ကြာပြီးတဲ့အခါ ကူဘူဟာ ဆူဘူရဲ့အိမ်ပေါက်ဝကို ရောက်လာပါတယ်။

ဖျတ်ခနဲ မြင်လိုက်ရတဲ့ သတ္တုရောင်ပြောင်လက်လက်ကြောင့် အပေါ်ကို မော့ကြည့်လိုက်တဲ့အခါ ဆူဘူရဲ့ အိမ်ခေါင်မိုးပေါ်မှာ သံသေတ္တာကြီး တစ်လုံး တင်ထားတာကို တွေ့လိုက်ရပါတယ်။

"ငါ့ကို မှန်မှန်ကန်ကန် ပြောပြစမ်းပါ။ အဲ့ဒီသေတ္တာကြီးထဲမှာ အဖိုးတန်ပစ္စည်းတွေရှိနေလို့လား"လို့ ကူဘူက ဆူဘူကို မေးလိုက်တယ်။

"ရှိတာပေါ့ကွ။ ငါ့ရဲ့ငွေတွေနဲ့ ငါ့မိန်းမရဲ့ လက်ဝတ်လက်စားတွေပေါ့။ ငါ ဒါတွေကို ကောင်းကောင်းဝှက်ထားလိုက်ပြီလို့ ထင်တယ်" လို့ ဆူဘူက ဖြေလိုက်ပါတယ်။

"မင်းက ဒါကို တစ်နေနေရာရာမှာ ဝှက်ထားသင့်တာ။ အခု မင်းရဲ့ အိမ်အပြင်မှာရှိတယ်ဆိုသော်ငြားလည်း မင်းရဲ့အိမ်နဲ့ ထိစပ်နေသေးလို့ ငါ ပစ္စည်းတွေလို့ ငါပြောနိုင်တယ်ကွ" ကူဘူက အားရဝမ်းသာပြောလေတယ်။

"ပထမဦးဆုံး မင်းရဲ့လက်နှစ်ဖက်ကို ဖြန့်ထားလိုက်ပါ။ ပြီးတော့ ငါ့အိမ်ကပစ္စည်းတစ်ခုကိုသာ မင်းယူသွားလို့ ရနိုင်တယ်ဆိုတာ မင်းမှတ်ထားပါ" လို့ ဆူဘူက ပြောပြတယ်။

"တစ်ခုတည်းနဲ့ လုံလောက်ပါတယ်ကွာ" လို့ ကူဘူက ပြောလိုက်ပြီး ဆူဘူရဲ့အိမ်ထဲကို ရဲရဲဝံ့ဝံ့ဝင်သွားခဲ့ပါတယ်။ ပြီးတဲ့နောက် သူဟာ လှေကားတစ်ခုကို ယူလာပြီး ခေါင်မိုးပေါ်တက်လို့ရအောင် အိမ်နံရံမှာကပ်ပြီး ထောင်ထားလိုက်ပါတယ်။

"ကျေးဇူးပါသူငယ်ချင်းရယ်။ မင်းက ငါ့အတွက် လှေကားထောင်ပေးလို့ ပြီးတော့ ငါ့ရဲ့ဥစ္စာတွေကို ချမ်းသာပေးလို့ မင်းကို ငါကျေးဇူးတင်ရမယ်"

"ဘာ–မင်းရဲ့ဥစ္စာတွေကို ငါက ချမ်းသာပေးတယ်" ကူဘူက ဇဝေဇဝါ

mgyoe.com

mgyoe.com

ဖြစ်ကာ မေးလိုက်တယ်။ "မင်းရဲ့ဥစ္စာတွေကို ငါက လက်လွှတ်လိုမ့်မယ်လို့ မင်းထင်နေသလားကွ"

"မင်းက မင်းရဲ့လက်နှစ်ဖက်နဲ့ မင်းသယ်နိုင်သလောက် ပစ္စည်းတစ်ခုကိုပဲ သယ်သွားလို့ရတယ်လို့ ငါတို့ သဘောတူထားကြတယ်လေ။ အခုမင်းက လှေကားကို လက်နှစ်ဖက်နဲ့သယ်သွားပြီးပြီလေကွာ" လို့ပြောရင်း သွားကလေးများပေါ်အောင် ပြုံးပြလိုက်လေတော့တယ်။

Battle of Wits
Source : Indian Folktales

❒

mgyoe.com

mgyoe.com

# ပိုင်ရှင်အမှန်

အိန္ဒိယပုံပြင်


တစ်ခါက နွားမတစ်ကောင်ဟာ မကျန်းမာဖြစ်လာပြီး နို့ထွက်လည်း ရပ်သွားပါတယ်။ နွားမရဲ့ပိုင်ရှင်ဖြစ်တဲ့ ဂိုပယ်ဟာ သူရဲ့နွားမက ဘယ်တော့မှ ကျန်းမာလာမှာ မဟုတ်တော့ဘူးလို့တွေးကာ နွားမကို သူ့အိမ်ကနေ မောင်းထုတ်လိုက်ပါတယ်။

"အခုတော့ ငါရဲ့ပိုင်ရှင်က ငါ့ကို မလိုတော့ဘူး။ ငါ သူ့ဆီကို ဘယ်တော့မှ ပြန်မသွားတော့ဘူး" လို့ ဝမ်းနည်းပက်လက်ဖြစ်နေတဲ့နွားမဟာ ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားရပြီး လဲကျသတိလစ်သွားခဲ့ပါတယ်။ ဒါမလို့ ခေါ်တဲ့ ကြင်နာသနားစိတ်ရှိတဲ့ လယ်သမားတစ်ယောက်ဟာ သူမကိုတွေ့ပြီး သူ့အိမ်ကို ခေါ်လာခဲ့ပါတယ်။

ရက်အနည်းငယ်ကြာတဲ့အခါ နွားမဟာ ကျန်းမာရေးပြန်ကောင်းလာခဲ့ပါတယ်။ လယ်သမားကြီး ဒါမကတော့ "နွားမက ဘယ်သူ့ရဲ့ နွားမလည်း မသိဘူး။ နွားပိုင်ရှင်ကို ရှာပြီး ပြန်ပေးရမယ်။ သူ့သခင်ကတော့ စိတ်သောကရောက်နေမှာပဲလေ" လို့တွေးမိပြီး နွားပိုင်ရှင်ကို ကြိုးစားရှာဖွေခဲ့ပါတယ်။ ဒါပေမဲ့ နွားပိုင်ရှင်ကို ရှာလို့မတွေ့ခဲ့ပါဘူး။ မကြာခင်မှာပဲ နွားမဟာ နွားလေးတစ်ကောင်မွေးပါတယ်။ ပြီးတော့ နွားနို့တွေလည်း ထွက်လာပါတယ်။

mgyoe.com

mgyoe.com



ဒါမထံက ထိုနွားမရဲ့ကောင်းသတင်းဟာ နေရာအနှံ့ ပျံ့နှံ့သွားခဲ့ပါတော့တယ်။

ထိုသတင်းကို ဂိုပယ်က ကြားသွားပြီး နွားမကို ကြည့်ချင်လာပါတယ်။ ပြီးတော့ နွားနို့လည်း သောက်ချင်စိတ်ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဒါမရဲ့အိမ်ကို ရောက်လာပါတော့တယ်။ ဒါမရဲ့အိမ်ကိုရောက်တဲ့အခါ နွားနို့ကိုဝယ်ပြီး နွားမကို မြင်လိုက်ရတဲ့အချိန်မှာ သူဟာ အလွန်ပဲ အံ့အားသင့်သွားပါတော့တယ်။ အမှန်တကယ်ပဲ သူမောင်းထုတ်လိုက်တဲ့ သူ့ရဲ့နွားမဖြစ်လို့ပါပဲ။

"နွားက ကျွန်တော့်နွားဗျ။ ကျွန်တော်ပိုင်ခဲ့တာ" လို့ ဂိုပယ်က ပြောပါတယ်။ ဒါပေမဲ့ ဒါမက နွားမကို ပြန်ပေးဖို့ ငြင်းဆိုလိုက်ပါတယ်။

"ဒါဆို ကျေးရွာအုပ်ချုပ်ရေးရုံးကိုသွားပြီး ပြဿနာကို ဖြေရှင်းကြမယ်" လို့ ဂိုပယ်က အော်ဟစ်ပြောဆိုလိုက်ပါတယ်။ နောက်တစ်နေ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ထိုအမှုကို ကြားနာစစ်ဆေးပါတယ်။ ချက်ချင်းပဲ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က အစည်းအဝေးလုပ်လိုက်ပါတယ်။ လူတိုင်းဟာ ဆုံးဖြတ်ချက်က ဘယ်လိုဖြစ်မယ်ဆိုတာကို သိချင်နေကြပါတယ်။ ဒီလိုနဲ့ နွားမကို ဒါမနဲ့ဂိုပယ်တို့အကြားမှာ ထားပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးက နွားမကို သူမသွားနေချင်တဲ့ သခင်ဆီ သွားနေဖို့ ပြောလိုက်ပါတယ်။ နွားမ

mgyoe.com

mgyoe.com


ဟာ ဂိုပယ်ကို လှည့်တောင်မကြည့်ဘဲ သူ့နဲ့ဝေးရာဆီ ထွက်သွားပြီး ဒါမဆီကို သာ ဦးတည်သွားပါတော့တယ်။ ပြီးတော့လည်း ဒါမရဲ့လက်ကို လျှာနဲ့လျက် လိုက်ပါတယ်။ နွားမဟာ ဂိုပယ်ရဲ့ရက်စက်မှု၊ တစ်ကိုယ်ကောင်းဆန်မှုနဲ့ ဒါမရဲ့ ကြင်နာသနားမှုတို့ကို ခွဲခြားသိနေပါပြီ။ ပရိသတ်ကြီးဟာ နွားမရဲ့ အပြုအမူကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးလိုက်ကြပါ တော့တယ်။

အဲ့ဒီနောက်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးက နွားမကို ပိုင်ရှင်အမှန်ဖြစ်တဲ့ ဒါမထံ လွှဲပြောင်းပေးလိုက်ပါတော့တယ်။

The Rightful Owner
Source : Indian Folktales

❐

mgyoe.com